ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၂၈ /၂၀၂၀**

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **"မြန်မာ့ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်သွား ရေယာဉ်များတွင် အလိုအလျောက် ခွဲခြားသိရှိနိုင်သည့်စနစ် (Automatic Identification System (AIS)) တပ်ဆင်အသုံးပြုခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ"** ကို ထုတ်ပြန်လိုက်သည်။

၁။ ၁၉၇၄ ခုနှစ်၊ ပင်လယ်ပြင်၌ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (International Convention for the Safety of Life at Sea (SOLAS), 1974) ၏ အခန်း ၅၊ စည်းမျဉ်း (၁၉) ၏ ပြဋ္ဌာန်းချက်ပါ လိုအပ်ချက်များအရလည်းကောင်း၊ ရေကြောင်း အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက်လည်းကောင်း၊ သယံဇာတထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးတို့အတွက်လည်းကောင်း ရေယာဉ်များအား အလိုအလျောက် ခွဲခြားသိရှိနိုင်သည့်စနစ် (AIS) ကို တပ်ဆင်အသုံးပြုရမည်။

၂။ အောက်ဖော်ပြပါ မြန်မာအလံလွှင့်ထူထားသည့် ရေယာဉ်များသည် လုံးပေါင်းတန်ချိန် (Gross Tonnage – GT) အလိုက် **Class A** အမျိုးအစား AIS စနစ်ကို တပ်ဆင်အသုံးပြုရမည်-

(က) 300 GT နှင့်အထက် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်သွားရေယာဉ်များ၊

(ခ) 500 GT နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များ၊

(ဂ) မြန်မာ့ကမ်းရိုးတန်းသွား ခရီးသည်တင်ရေယာဉ်များအားလုံး။

၃။ ကမ်းခြေမှ မိုင် ၂၀ ထက် ကျော်လွန်သွားလာသည့် အောက်ဖော်ပြပါ မြန်မာအလံ လွှင့်ထူထားသည့် ရေယာဉ်များသည် လုံးပေါင်းတန်ချိန် (Gross Tonnage – GT) အလိုက် **Class B – AIS (SOTDMA)** အမျိုးအစား AIS စနစ်ကို တပ်ဆင်အသုံးပြုရမည်-

(က) 500 GT အောက် မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များ၊

(ခ) 30 GT နှင့်အထက်ငါးဖမ်းရေယာဉ်များ။

၄။ ကမ်းခြေမှ မိုင် ၂၀ အတွင်း သွားလာသည့် အောက်ဖော်ပြပါ မြန်မာအလံလွှင့်ထူထားသည့် ရေယာဉ်များသည် လုံးပေါင်းတန်ချိန် (Gross Tonnage – GT) နှင့် အလျားသတ်မှတ်ချက်အလိုက် **Class B – AIS (CSTDMA)** အမျိုးအစား AIS စနစ်ကို တပ်ဆင်အသုံးပြုရမည်-

(က) 50 GT နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များ၊

(ခ) 30 GT နှင့်အထက် ငါးဖမ်းရေယာဉ်များ၊

(ဂ) အလျား ပေ ၃၀ နှင့်အထက် ငါးဖမ်းရေယာဉ်များ၊

(ဃ) အလျား ၂၃ ပေနှင့်အထက် အပျော်စီးရေယာဉ်များ။

၅။ အလျား ၂၃ ပေအောက် အပျော်စီးရေယာဉ်ငယ်များသည် **Class B** သို့မဟုတ် **Portable AIS-SART** အမျိုးအစား AIS စနစ်ကို တပ်ဆင်အသုံးပြုရမည်။

၆။ ရေယာဉ်ပိုင်ရှင်များသည် AIS စနစ် တပ်ဆင်ရန်အတွက် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားနိုင်ပြီး အပိုဒ် ၂ ပါ ရေယာဉ်များသည် ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း၊ အပိုဒ် ၃ ပါ ရေယာဉ်များသည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်လည်းကောင်း၊ အပိုဒ် ၄ နှင့် ၅ ပါ ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်လည်းကောင်း နောက်ဆုံးထား၍ အပြီးတပ်ဆင်ရမည်။

၇။ မြန်မာ့ရေပြင်နှင့် ဆိပ်ကမ်းများသို့ ဝင်ထွက်သွားလာမည့် နိုင်ငံခြားအလံ လွှင့်ထူထားသည့် ရေယာဉ်များအားလုံးသည် ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ AIS စနစ် တပ်ဆင်ထားရှိပြီး ဖြစ်ရမည်။

၈။ မြန်မာ့ကမ်းရိုးတန်းနှင့်ပင်လယ်ပြင်သွားရေယာဉ်များတွင် ရေကြောင်းအန္တရာယ် ကင်းရှင်းရေးနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအတွက် အရေးပေါ်အခြေအနေ ကျရောက်ပါက အကူအညီ တောင်းခံနိုင်သည့် အချက်ပြစနစ် (Distress Alert/ Panic Button) တပ်ဆင် ထားရှိရမည်။ အဆိုပါ စနစ်အား AIS တွင် ပူးတွဲတပ်ဆင်ထားရှိနိုင်သည်။

၉။ AIS တင်သွင်းရောင်းချခြင်း၊ တပ်ဆင်ပေးခြင်းပြုလုပ်လိုသူ (Service Provider) များသည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) က ထုတ်ပြန်ထားသော သက်ဆိုင်ရာ AIS စနစ် လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိပြီး ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စံနှုန်းသတ်မှတ်ချက်များ (Performance Standard and Technical Specifications) နှင့် ကိုက်ညီမှုရှိသည့် ပစ္စည်းများကိုသာ တင်သွင်းရောင်းချခြင်းနှင့် တပ်ဆင်ခြင်းများကို ပြုလုပ်ရမည်။

၁၀။ AIS တပ်ဆင်အသုံးပြုမည့် ရေယာဉ်များအားလုံးသည် AIS တွင် IMO Number ၊ MMSI Number နှင့် DMA Registration ID တို့ကို ထည့်သွင်းမှတ်ပုံတင်ထားရှိရမည်ဖြစ်ပြီး ဦးစီးဌာနမှ စစ်ဆေးခွင့်ပြုချက် (Test Approval Certificate) ရရှိပြီးဖြစ်ရမည်။

၁၁။ AIS တပ်ဆင်ထားသော ရေယာဉ်အသီးသီးအတွက် မှတ်ပုံတင်ထားရှိသည့် အချက်အလက်များအား ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ပြောင်းလဲပြင်ဆင်ခြင်း ပြုရမည်။ AIS စနစ်ကိုဖြစ်စေ၊ ရေယာဉ်တစ်စီးမှ အခြားတစ်စီးသို့ဖြစ်စေ ခွင့်ပြုချက်မဲ့ ပြောင်းလဲပြင်ဆင်ခြင်း မပြုရ။ ထိုသို့ ပြောင်းလဲတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း မပြုနိုင်ရန် လုံခြုံရေးစနစ် ထည့်သွင်းထားရှိရမည်။

၁၂။ AIS တပ်ဆင်ထားသော ရေယာဉ်အားလုံးသည် မလွှဲမရှောင်သာသည့် ဖြစ်စဉ်နှင့် ကိစ္စရပ်မှလွဲ၍ AIS စနစ်အား ၂၄ နာရီပတ်လုံး ဖွင့်လှစ်ထားရှိရမည်။

၁၃။ ဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာပါ ရေယာဉ်တစ်စီးချင်းအလိုက် လိုအပ်သည့် သတ်မှတ်ချက်များအတိုင်း AIS စနစ် တပ်ဆင်ထားရှိမှုနှင့် အသုံးပြုမှုများကို စောင့်ကြပ်ကြည့်ရှု၍ ကြပ်မတ်စစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းပြုရမည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-(၃)/(Noti-DMA)၂၀၂၀ ( ၁၅၀ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်

**ဖြန့်ဝေခြင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့
ငါးလုပ်ငန်းဦးစီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ငါးလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
အမိန့်ကြော်ငြာစာတွဲ
ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

(လက်မှတ်)

ဝင်းခန့်
အမြဲတမ်းအတွင်းဝန်
တွဲ(၂) ၄ . ၂ . ၁၆